**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**ညွှန်ကြားချက်အမှတ် (၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်)

**အခွန်/ဒဏ်ကြေး ခွဲဝေသုံးစွဲခြင်းဆိုင်ရာသတ်မှတ်ချက်များအား သိရှိလိုက်နာနိုင်ပါရန်ကိစ္စ**

အမျိုးသားညီညွတ်ရေးအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အခွန်/ ဒဏ်ကြေး ခွဲဝေသုံးစွဲခြင်းဆိုင်ရာ သတ်မှတ်ချက်များအား ပြည်နယ်များရှိ EROs များ၊ တိုင်းဒေသကြီးများရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပ-အ-ဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ-က-ဖ)များ သိရှိလိုက်နာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) မြို့နယ်များအနေဖြင့် ရရှိသည့် အခွန်/ဒဏ်ကြေးများကို (၁၀၀) ရာခိုင်နှုန်းအဖြစ် သတ်မှတ်၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ "ကြားကာလဒေသန္တရ အုပ်ချုပ်ရေးဖော်ဆောင်ရာတွင် အခွန်ကောက်ခံခြင်းနှင့် မျှဝေသုံးစွဲခြင်းဆိုင်ရာမူဝါဒ" နှင့်အညီ စီမံသုံးစွဲသွားရမည်။

(ခ) သတ်မှတ်အချိုးများနှင့်အညီ သက်ဆိုင်ရာဒေသတွင်း ဖြန့်ဖြူးရမည့်ကိစ္စရပ်များ ရှိပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ခွဲဝေခြင်းကို ကောက်ခံရာမြို့နယ် ပ-အ-ဖ အဖွဲ့က တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်တာဝန်ခံနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဂ) အခွန်/ဒဏ်ကြေးငွေများ ပေးဆောင်ခြင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပေးသွင်းပြီး အခွန်/ဒဏ်ကြေးငွေများ ကောက်ခံရရှိမှု အခြေအနေစာရင်း ကို အတွင်းဝန် (စွမ်းအင်) သို့ လစဉ်ပေးပို့ တင်ပြရမည်။

(ဃ) လွှတ်မြောက်နယ်မြေများတလျှောက် ဖြတ်သန်းသွားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများအား အခွန်/ဒဏ်ကြေးငွေကောက်ခံရာတွင် မြို့နယ်များအနက် မြို့နယ်တမြို့နယ်က ကောက်ခံပြီးပါက ကျန်မြို့နယ်များမှ ထပ်မံကောက်ခံခြင်း မပြုရပါ။

(င) ဤဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၂/၂၀၂၂) ကို ယခု ညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ထက်နိုင်ဦး
အတွင်းဝန်(စွမ်းအင်)